# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

February 19 , 2024 Volume 75, Number 12

၁၉.၂.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၀၂၁ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၃၅၉၅ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၆၂.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၀.၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၄၈.၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၇၃.၁ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၁.၇၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၉၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၇.၃၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၃၈.၆၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၈.၂၈၅ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

## အိန္ဒိယသို့ မြန်မာ့ကွမ်းသီးခြောက် တန်ချိန် ၂၀၀ လစဉ်တင်ပို့ရန် သဘောတူညီမှုရရှိထားပြီး မကြာမီ နှစ်ဖက်စာချုပ်ချုပ်ဆို၍ တင်ပို့မှုစတင်မည်



အိန္ဒိယကုမ္ပဏီ Lax Corporation က မြန်မာနိုင်ငံကနေ ကွမ်းသီးခြောက်တန်ချိန် ရာနဲ့ချီပြီး ဝယ်ယူလိုကြောင်း ကမ်းလှမ်းထားတယ်လို့ မွန်ပြည်နယ်အခြေစိုက် ကွမ်းသီးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အသိုင်းအဝိုင်းကနေ သိရပါတယ်။

နမူနာပုံစံတွေကို Lax Corporation ထံ ဇန်နဝါရီလကုန်ပိုင်းမှာ ပေးပို့ထားပြီး လက်ရှိမှာ တင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာနိုင်ငံမှာ နှစ်စဉ်ကွမ်းသီးတန်ချိန် ၂ သိန်း ၃ သောင်းခန့်ထွက်ရှိပြီး ပြည်တွင်း စားသုံးမှုထက် များစွာပိုလျှံနေတဲ့ ကုန်ပစ္စည်းအမည်လည်းဖြစ်ပါတယ်။

Lax Corporation ကို ပထမအသုတ်အနေနဲ့ ၁၇ တန်ကို ပေ ၂၀ ကွန်တိန်နာပုံး တစ်ပုံးနဲ့တင်ပို့ပြီး အရည်အသွေး၊ စံချိန်စံညွှန်းတွေ လက်ခံအတည်ပြုပြီးရင် တန်ချိန် ၂၀၀ လစဉ် ဝယ်ယူသွားဖို့နဲ့ ဆက်လက်ပြီး ပိုမိုများပြားစွာ ဝယ်ယူမယ်လို့ သဘောတူညီမှု ရရှိထားပါတယ်။

လက်ရှိအခြေအနေမှာ တင်ပို့ဖို့အတွက် တင်ပို့မဲ့ပုံစံ၊ တင်ပို့ရမဲ့နေရာ၊ ဈေးနှုန်း၊ ငွေပေးချေမှုပုံစံတွေကို ဆွေးနွေးညှိနှိုင်းလျက်ရှိပြီး သဘောတူညီမှုရမယ်ဆိုရင် နှစ်ဖက်စာချုပ်ချုပ်ဆိုကာ စတင်တင်ပို့တော့မယ်လို့ မွန်ပြည်နယ်အသင်းဥက္ကဋ္ဌ ဦးအောင်နေလင်းက ပြောပါတယ်။

အိန္ဒိယနိုင်ငံက ကွမ်းသီးလိုအပ်ချက်များပြီး တန်ဖိုးမြှင့်ထုတ်ကုန်တွေထုတ်လုပ်ဖို့အတွက် ဝယ်ယူနေတာဖြစ်လို့ မြန်မာ့ကွမ်းသီးတွေ တိုးမြှင့်တင်ပို့နိုင်ရေး၊ ဈေးကွက်ရရှိရေးအတွက် ဆောင်ရွက်သွားမယ်လို့ သိရပါတယ်။

ကွမ်းသီးကို တနင်္သာရီတိုင်း၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်း၊ ကရင်ပြည်နယ်တို့မှာ အများဆုံးစိုက်ပျိုးကြပြီး ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်မှာ တန်ချိန် ၂၂၉၄၁၂ ဒသမ ၄၇၂ တန် ထွက်ရှိခဲ့ပါတယ်။

**Source: BETV Business**

## လွယ်ဂျယ်နှင့်ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ် နှစ်နိုင်ငံ ကုန်သွယ်မှုအခြေအနေ

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့်ကံပိုင်တည် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ်နှစ်နိုင်ငံ ကုန်သွယ်မှုများရှိခဲ့ရာ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်မှ ၉ ရက်နေ့များအတွင်း တင်ပို့ခဲ့သော ပို့ကုန်၏ ငွေပမာဏ စုစုပေါင်းတန်ဖိုးမှာ ၈၇,၀၉,၀၆၄ ဒသမ ၉၆၀ ကန်ဒေါ်လာ တင်ပို့မှုရှိခဲ့ပြီး၊ သွင်းကုန်၏စုစုပေါင်းငွေပမာဏတန်ဖိုးမှာ ၂၂,၀၈,၁၃၂ ဒသမ ၂၄၀ ကန်ဒေါ်လာ တင်သွင်းမှုရှိခဲ့ပါသည်။

တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများမှာ တစ်သျှူးငှက်ပျော၊ ဆန်ကွဲ၊ ဆန်၊ ဖရဲသီး၊ ကြံ၊ ငရုတ်သီး ခြောက်၊ ကော်ဖီမစ်၊ ကြက်သွန်နီ၊ သခွားမွှေး၊ ဆီး (ဖီး)ဆန်၊ ဖရုံသီးနှင့်ဆန်များ တင်ပို့ခဲ့ကြောင်း သိရသည်။ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေး စခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ငွေပမာဏသည် ၂၈,၉၆,၅၈၃ ဒသမ ၁၅၀ ကန်ဒေါ်လာဖြစ်ပြီး၊ ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏတန်ဖိုးမှာ ၅၈,၁၂,၄၈၁ ဒသမ ၈၁၀ ဒေါ်လာ တင်ပို့မှုရှိခဲ့ပါသည်။

သွင်းကုန်ပစ္စည်းများမှာ သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ ပလတ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ကုန်ထုတ်စက်ကူများ၊ စက်နှင့်စက်ပစ္စည်းများ၊ ချည်ထည်များ၊ လျှပ်စစ်ဓာတ်ဖြန့်ဖြူးရေးနှင့်တပ်ဆင်ရေးပစ္စည်းများ၊ မော်တော်ဆိုင်ကယ်အပိုပစ္စည်းများ၊ သံပိုက်၊ ကွန်ပျူတာဆက်စပ်ပစ္စည်းများ၊ ပလတ်စတစ်ပိုက်၊ ပန်းသီးနှင့်မြက်ခင်းတုများ တင်သွင်းမှုရှိခဲ့ပါသည်။ ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့အမှန်တင်သွင်းကုန်၏ ငွေပမာဏမှာ ကန်ဒေါ်လာ ၇,၃၈,၄၆၇ ဒသမ ၅၀၀ တင်သွင်းမှုရှိခဲ့ပြီး၊ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏတန်ဖိုးမှာ ကန်ဒေါ်လာ ၁၄,၆၉,၆၆၄ ဒသမ ၇၄၀ တင်သွင်းမှုရှိခဲ့သည်။

မြန်မာကျပ်ငွေနှင့် တရုတ်ယွမ်ငွေလဲနှုန်းမှာ မြန်မာငွေ ၁ ကျပ်လျှင် တရုတ်ငွေ ၀ ဒသမ ၃၄၀ ယွမ်ရှိပြီး တရုတ်ငွေ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၂၉၄ ဒသမ ၁၁၀ ကျပ်ရှိကြောင်း သိရသည်။

Source: ကချင်ပြည်နယ်ဦးစီးမှူးရုံး

## မတ်ပဲ၊ ပဲစင်းငုံနီဈေး ဆက်တိုက်ပြန်ကျလာသလို ပဲတီစိမ်း၊ မြေထောက်ပဲ ဈေးလည်းကျ




ဖေဖော်ဝါရီလ ၁၂ ရက်မှ ဖေဖော်ဝါရီလ ၁၆ ရက်နေ့အထိ ဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်ခဲ့တဲ့ ဈေးနှုန်းတွေအပေါ် ဈေးကွက်သုံးသပ်ချက် ဖြစ်ပါတယ်။

ဒီတစ်ပတ်မှာတော့ မတ်ပဲရော ပဲစင်းငုံနီပါ ဆက်တိုက်ပြန်ကျလာသလို ပဲတီစိမ်း၊ မြေထောက်ပဲဈေးလည်း ကျပါတယ်။ ကြက်သွန်နီ ကြက်သွန်ဖြူဈေးတွေတော့ ပြန်မြင့်တက်လာပါတယ်။

**မတ်ပဲဈေးကွက်**

မတ်ပဲကတော့ ဒီတစ်ပတ်မှာလည်း ဈေးတွေထပ်ကျပြီး တစ်တန်ကို သိန်း ၃၀ အောက်ထိ ရောက်ရှိသွားရာကနေ တစ်ပတ်အတွင်း သိန်း ၃၀ ကျော်အထိ ပြန်မြင့်တက်ခဲ့ပေမဲ့ ပြီးခဲ့တဲ့အပတ်နဲ့ယှဉ်ရင် ဈေးကကျဆင်းသွားပါတယ်။

မတ်ပဲအသစ်တွေလည်း နယ်စုံကနေ ဈေးကွက်ထဲ ဝင်ရောက်နေတဲ့အတွက်ကြောင့်လည်း ဈေးတန်းက ပြန်အေးသွားတာမှန်ပေမဲ့ အိန္ဒိယက မြန်မာ့မတ်ပဲကိုလိုအပ်ချက်ရှိပြီး ဝယ်လိုအားကောင်းတာကြောင့် ဈေးကွက်ကလှုပ်ခတ်မှုရှိပေမဲ့ အများကြီးကျဆင်းနိုင်မှာမဟုတ်ဘူးလို့ ကုန်သည်ကြီးတွေက ခန့်မှန်းထားကြပါတယ်။

ဒီတစ်ပတ် ရန်ကုန်ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲ FAQ တစ်တန်ကို ၃၁,၂၃,၀၀၀ ကျပ်ရှိပြီး ပြီးခဲ့တဲ့အပတ်နဲ့ယှဉ်ရင် တစ်တန်ကို ၁,၇၇,၀၀၀ လောက် ဈေးကျဆင်းသွားခဲ့ပါတယ်။

မန္တလေးဈေးကွက်မှာလည်း ဒီတစ်ပတ် မတ်ပဲက ပိဿာ ၆၀ ဝင်တစ်အိတ်ကို ၂,၇၅,၀၀၀ မှ ၂,၈၀,၀၀၀ ကျပ်ဈေးပေါက်ပြီး အရင်အပတ်ကထက် တစ်အိတ်ကို ၃၀,၀၀၀ ကျပ်ဈေးကျဆင်းသွားပါတယ်။

နယ်ကုန်စည်ဒိုင်တွေမှာလည်း မတ်ပဲတစ်တင်းကို ၉၈,၀၀၀ ကနေ ၉၉,၅၀၀ ကြားရှိနေပြီး၊ ပြီးခဲ့တဲ့အပတ်နဲ့ယှဉ်ရင် တစ်တင်းကို ၆၀၀၀ လောက်ဈေးကျဆင်းသွားပါတယ်။

**ပဲစင်းငုံနီဈေးကွက်**

ပဲစင်းငုံနီကလည်း ဒီတစ်ပတ်မှာ ဈေးကျလာပြီး တစ်တန်ကို သိန်း ၄၀ အောက် ဈေးကျလာပါတယ်။ ပဲစင်းငုံ ဈေးကျပေမဲ့ အိန္ဒိယဘက်က ပဲလိုအပ်ချက်ရှိပြီး ဝယ်လိုအားကောင်းတဲ့အတွက် ဈေးတန်းက အများကြီးပြုတ်ကျနိုင်မဲ့အခြေအနေမရှိဘူးလို့ ကုန်သည်တွေကသုံးသပ်ထားကြပါတယ်။

ဒီတစ်ပတ် ရန်ကုန်ဈေးကွက်မှာ ပဲစင်းငုံနီတစ်တန်ကို ၃၉,၂၀,၀၀၀ ကျပ်ရှိနေပြီး ပြီးခဲ့တဲ့အပတ်နဲ့ယှဉ်ရင် တစ်တန်ကို ၁,၀၇,၀၀၀ ကျပ် ဈေးကျဆင်းလာပါတယ်။ အလားတူ မန္တလေး ဈေးကွက်မှာလည်း ပိဿာ ၆၀ တစ်အိတ်ကို ၃,၇၇,၀၀၀ ကနေ ၃,၇၈,၀၀၀ ကြား ပေါက်ဈေးရှိပြီး ပြီးခဲ့တဲ့အပတ်နဲ့ယှဉ်ရင် တစ်အိတ်ကို ၈၀၀၀ ကျပ်လောက် ကျလာတာဖြစ်ပါတယ်။

**ပဲတီစိမ်းဈေးကွက်**

ပဲတီစိမ်းကတော့ ဒီတစ်ပတ် ရန်ကုန်မှာဈေးငြိမ်နေပေမဲ့ မန္တလေးဈေးကွက်မှာ ဈေးကျလာတာ တွေ့ရပါတယ်။ ပဲတီစိမ်းအသစ်တွေ ကုန်စည်ဒိုင်တွေကို နယ်အစုံကနေ ဝင်ရောက်နေမှုရှိနေပေမဲ့ တရုတ်ကဝယ်လိုအားအေးနေတာကြောင့်လည်း အရောင်းအဝယ်အေးနေပြီး ဈေးကကျလာတာဖြစ်ပါတယ်။

ဒီတစ်ပတ် ရန်ကုန်ဘုရင့်နောင်မှာ ပဲတီစိမ်း ခရမ်းရွှေဝါ တစ်ပိဿာကို ၄၅၀၀ ကျပ် ၊ ပဲတီစိမ်း ပဲခူးရွှေဝါက တစ်ပိဿာကို ၄၄၆၅ ကျပ်၊ ပဲတီစိမ်း ဝါးခယ်မက တစ်ပိဿာကို ၃၅၀၀ မှ ၃၈၃၅ ကျပ်ရှိပြီး အရင်အပတ်ကဈေးအတိုင်း ငြိမ်နေပါတယ်။

မန္တလေးဈေးကွက်မှာတော့ ပဲတီစိမ်း(အညာ) ပိဿာ ၅၆ ဒသမ ၂၅ တစ်အိတ်ကို ၁,၅၅,၀၀၀ မှ ၁,၈၅,၀၀၀ ကျပ် ဈေးရှိလို့ အရင်နဲ့ယှဉ်ရင် တစ်အိတ်ကို ၁၅,၀၀၀ ကျပ် ဈေးကျသွားပါတယ်။

**မြေထောက်ပဲဈေးကွက်**

မြေထောက်ပဲကတော့ ဈေးတွေဆက်တိုက်ကျဆင်းလာပြီး မန္တလေးဈေးကွက်မှာ အရောင်းအဝယ်လည်း အေးနေတယ်လို့သိရပါတယ်။

မြေထောက်ပဲကို တရုတ်နဲ့အိန္ဒိယက အဝယ်ရှိပေမဲ့ လက်ရှိပြည်တွင်းမှာဖြစ်နေတဲ့ ပို့ကုန်ရငွေကန့်သတ်မှု ဒေါ်လာငွေ အပြောင်းအလဲတွေကြောင့် ပဲဈေးတွေလှုပ်ခတ်ပြီး တည်ငြိမ်မှုမရှိဖြစ်နေတာပါ။

ဒီတစ်ပတ် မန္တလေးဈေးကွက်မှာ မြေထောက်ပဲ သုံးတင်းဝင်တစ်အိတ်ကို ၃,၇၀,၀၀၀ မှ ၃,၇၇,၀၀၀ ကျပ် ရှိပြီး ပြီးခဲ့တဲ့အပတ်နဲ့ယှဉ်ရင် ၁၈,၀၀၀ လောက် ဈေးကျဆင်းလာတာဖြစ်ပါတယ်။

**ကြက်သွန်နီ**

ကြက်သွန်နီကတော့ ဈေးကွက်ထဲ အဝင်ပေါ်မှုတည်ပြီး ဈေးနှုန်းအတက်အကျ ဖြစ်ပေါ်နေပေမဲ့ ပြီးခဲ့တဲ့ အပတ်နဲ့ယှဉ်ရင်တော့ ဈေးအနည်းငယ် ပြန်မြင့်တက်လာပါတယ်။ နေ့စဉ် ဘုရင့်နောင်ဈေးကွက်ကို နယ်စုံကနေ ပိဿာချိန် ၂ သိန်းနီးပါး အဝင်ရှိနေပါတယ်။

ရန်ကုန်ဘုရင့်နောင်ဈေးကွက်မှာ ကြက်သွန်နီ တစ်ပိဿာကို ၁၄၀၀ ကနေ ၃၁၀၀ ကြားရှိနေပြီး၊ ပြီးခဲ့တဲ့အပတ်နဲ့ယှဉ်ရင် တစ်ပိဿာကို ၂၀၀ လောက်ဈေးမြင့်တက်လာပါတယ်။

## ကြက်သွန်ဖြူ

ကြက်သွန်ဖြူ(ရှမ်း)ကတော့ ဈေးပြန်မြင့်တက်လာပါတယ်။ ဈေးကွက်ထဲ ကြက်သွန်ဖြူ အဝင်အနည်းငယ် နည်းလာပြီး ပြည်တွင်းဝယ်ယူမှု မြင့်တက်လာတဲ့အတွက် ဈေးပြန်မြင့်တက်လာတာဖြစ်ပါတယ်။ ကြက်သွန်ဖြူကတော့ လက်ရှိအမြင့်ဆုံး ဈေး ရောက်ရှိနေတာဖြစ်ပါတယ်။

ရန်ကုန်ဘုရင့်နောင်ဈေးကွက်မှာ ကြက်သွန်ဖြူ(အောင်ပန်း)တွေက တစ်ပိဿာကို ၁၆,၅၀၀ မှ ၁၇,၈၀၀ ရှိပြီး တစ်ပိဿာကို ၈၀၀ ကျပ်ဈေးပြန်မြင့်တက်လာပါတယ်။

ကြက်သွန်ဖြူ(ကြူကုတ်)ကတော့ ဈေးအပြောင်းအလဲမရှိဘဲ တစ်ပိဿာကို ၉၀၀၀ ကနေ ၉၂၀၀ ကြား ပေါက်ဈေးရှိနေပါတယ်။

Source: AMIA

https://t.me/htwettoe

## ပို့ကုန်ပဲများ ဈေးအနည်းငယ်ကျဆင်းသွားသော်လည်း ဈေးကွက်ပေါက်ဈေးအတိုင်းအရောင်းအဝယ်သွက်နေ

ပို့ကုန်ပဲများ ဆက်လက်ဈေး ကျဆင်းမှုရှိနေသော်လည်း ဈေးကွက်ပေါက်ဈေးအတိုင်း အရောင်းအဝယ်သွက်နေကြောင်း ပဲကုန်သည်များထံက သိရသည်။

ပဲ၊ နှမ်းဈေးကွက်တစ်ခုလုံးတွင် အိန္ဒိယ၏ ဝယ်လိုအားကျဆင်းမှုမရှိသော်လည်း ဒေါ်လာပေါက်ဈေး၊ ကုန်သွယ်ရေးမူဝါဒများကြောင့် ပို့ကုန်ပဲများ ဈေးကျဆင်းလာခြင်းဖြစ်သည်။

ပဲသစ်ရာသီအစ ပို့ကုန်ပဲများ စံချိန်တင်ဈေးကောင်းခဲ့သော်လည်း ဖေဖော်ဝါရီသီတင်းပတ်တွင် ဈေးအနည်းငယ်ကျဆင်းလာကြောင်း ပြည်တွင်းသုံး ကုလားပဲများလည်း လိုက်ပါဈေးကျဆင်းသွားကြောင်း ပြည်တွင်းသုံး ပဲမာလိုင်းများတွင် အသစ်ဝင်ရောက်မှုနည်းသည့် ပဲထောပတ်နှင့်မြေထောက်ပဲတို့မှာ အမြင့်ဈေးဖြစ်နေကြောင်း လက်ရှိတွင် နှမ်းမျိုးစုံနှင့် မြေပဲဆန်မှာလည်း ဈေးကျဆင်းနေပြီး ပဲ၊ နှမ်းဈေးကွက်တစ်ခုလုံး လက်ရှိပေါက်ဈေးများအတိုင်း အရောင်းအဝယ်ကောင်းကြောင်း ရွှေစင်သိန်းပွဲရုံပိုင်ရှင် ဦးကျော်သွင်ကပြောသည်။

"ပို့ကုန်ပဲတွေကတော့ ဈေးကျဆင်းလာပါတယ်။ ပဲစင်းငုံ၊ မတ်ပဲတွေ စတင်ဈေးကျဆင်းနေကာ ပြည်တွင်းကုလားပဲတွေလည်း လိုက်ပါဈေးကျဆင်းလာပါတယ်။ မတ်ပဲဆိုရင် တစ်အိတ်လျှင် ငွေကျပ် ၂,၈၀,၀၀၀ ဝန်းကျင်နဲ့ ပဲစင်းငုံတစ်အိတ် ၃,၇၂,၀၀၀ လောက်ထိ ဈေးကျဆင်းပါတယ်။ ပြည်တွင်းပဲမာလိုင်းတွေကတော့ ဈေးသိပ်မကျဘဲ ပုံမှန်ဈေးအေးသွားပါတယ်။ ပို့ကုန်ပဲတွေကတော့ ဈေးအကျ ကြမ်းသွားတာပါ။ ဝယ်လိုအားကတော့ မကျပါဘူး။ ဈေးကျဆင်းပေမဲ့ ပေါက်ဈေးအတိုင်း အရောင်းအဝယ်ဖြစ်နေပါတယ်။ ယခင်ကြိုရောင်းသမားတွေကတော့ ဈေးကျဆင်းချိန် အဝယ်ကောင်းနေပါတယ်။ လှောင်သမားတွေဆီမှာတော့ ဈေးအမြင့်နဲ့ ဝယ်ထားတာတွေများခဲ့ပါတယ်။ ပဲမာလိုင်းများမှာတော့ အမြင့်ဈေးတွေအတိုင်း ရှိနေတာပါ။ တစ်အိတ်လျှင် ငွေကျပ် ၄,၀၀,၀၀၀ ကျော်ပဲတွေကတော့ ဈေးကောင်းနေတာပါ။ နှမ်းမျိုးစုံလိုင်းနဲ့ မြေပဲလုံးဆန်ကတော့ ဈေးအေးနေပါတယ်။ ပဲနှမ်းဈေးကွက် တစ်ခုလုံးမှာ ဈေးကျဆင်းပေမဲ့ လက်ရှိပေါက်ဈေးအတိုင်း ပုံမှန်အရောင်းအဝယ်ဖြစ်နေပါတယ်ဟု ၎င်းကပြောသည်။

ဖေဖော်ဝါရီ ၁၅ ရက်တွင် မတ်ပဲတစ်အိတ်လျှင် ငွေကျပ် ၂,၈၀,၀၀၀၊ ပဲစင်းငုံတစ်အိတ်လျှင် ငွေကျပ် ၃,၈၃,၀၀၀ ပေါက်ဈေးဖြစ်လာသည်။ ပဲတီစိမ်းအညာ တစ်အိတ်လျှင် ငွေကျပ် ၂,၀၀,၀၀၀ ပေါက်ဈေးဖြင့် ဈေးမြင့်တက်လာသည်။

ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ အနည်းငယ်ဈေးကျဆင်းနေပြီး ဖေဖော်ဝါရီ ၁၅ ရက်တွင် ကုလားပဲ V2 တစ်အိတ်လျှင် ငွေကျပ် ၂,၆၅,၀၀၀ ကုလားပဲ V7 တစ်အိတ်လျှင် ငွေကျပ် ၂,၇၀,၀၀၀၊ ထိုင်ဝမ်ကုလားပဲ တစ်အိတ်လျှင် ငွေကျပ် ၂,၆၀,၀၀၀၊ ၉၂၉ ကုလားပဲ တစ်အိတ်လျှင် ငွေကျပ် ၂,၆၀,၀၀၀ ထိဈေးကျဆင်းသွားသည်။

ပြည်တွင်းသုံး ပဲမာလိုင်းများမှာ ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၃,၅၀,၀၀၀၊ ပဲထောပတ်တစ်အိတ်လျှင် ငွေကျပ် ၄,၈၀,၀၀၀၊ မြေထောက်ပဲတစ်အိတ်လျှင် ငွေကျပ် ၃,၇၀,၀၀၀၊ ကျွန်းစားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၃,၅၀,၀၀၀၊ ကနေဒါ စားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၂,၄၅,၀၀၀၊ မြေပဲအနီ လုံးဆန်(မြင်းမူ) တစ်ပိဿာလျှင် ငွေကျပ် ၈၅၀၀-၈၇၀၀ ဈေးကျဆင်းသွားသည်။

ဖေဖော်ဝါရီ ၁၅ ရက်တွင် နှမ်းဖြူ(ဂျပန်) ၄၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၄,၀၀,၀၀၀၊ နှမ်းညိုတစ်အိတ်လျှင် ငွေကျပ် ၃,၁၅,၀၀၀၊ နှမ်းဝါတစ်အိတ်လျှင် ငွေကျပ် ၃,၂၀,၀၀၀၊ နှမ်းနက်စမုန် တစ်အိတ်လျှင် ငွေကျပ် ၃,၈၀,၀၀၀ အသီးသီး ဈေးကျဆင်းသွားကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## ဘုရင့်နောင်ကုန်စည်ဒိုင်၏ (၁၃-၂-၂၀၂၄ မှ ၁၆-၂-၂၀၂၄) အတွင်း ပဲနှင့်အခြား ကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲများ၏ (တစ်တန်) ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2024 Crop) ကျပ် ၃၁,၉၅,၀၀၀၊ မတ်ပဲ SQ/RC (2024 Crop) ကျပ် ၃၃,၉၅,၀၀၀ နှင့် ပဲစင်းငုံ Red/RC(2024 Crop) ကျပ် ၃၉,၇၇,၀၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မတ်ပဲFAQ/ RC(2024Crop) ကျပ် ၇၀၀၀ နှင့် ပဲစင်းငုံ Red/RC (2024 Crop ) ကျပ် ၁၂,၀၀၀ ဈေးကျဆင်းခဲ့ပြီး မတ်ပဲ SQ/RC (2024 Crop) ကျပ် ၁၅,၀၀၀ မြင့်တက်ခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၈၅လုံး (တန်ချိန် ၂၀၄၀) နှင့် ပဲစင်းငုံ Red/RC(2024 Crop) ကွန်တိန်နာ ၅ လုံး (တန်ချိန် ၁၂၀) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၄၀ လုံး (တန်ချိန် ၉၆၀) နှင့် ပဲစင်းငုံ Red/RC(2024 Crop) ကွန်တိန်နာ ၁၀ လုံး (တန်ချိန် ၂၄၀) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၄၅ လုံး (တန်ချိန် ၁၀၈၀) လျော့နည်းဝင်ရောက်ခဲ့ပြီး ပဲစင်းငုံ Red/RC (2024 Crop) ကွန်တိန်နာ ၅လုံး (တန်ချိန် ၁၂၀) ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ငရုတ်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ငရုတ်သီး (တစ်ပိဿာ) ဈေးနှုန်းများမှာ ပန်းရဲငရုတ်(သစ်) AC ကျပ် ၁၁,၅၀၀၊ မြားနီ ကျပ် ၁၀,၅၀၀ နှင့် ဆင်ဖြူကျွန်း (ပု) ကျပ် ၁၇,၀၀၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မြားနီ ကျပ် ၂၀၀၀၊ ပန်းရဲငရုတ်(သစ်) AC ကျပ် ၅၀၀ နှင့် ဆင်ဖြူကျွန်း (ပု) ကျပ် ၁၀၀၀ ဈေးကျဆင်းခဲ့သည်။ ကုန်စည်ဒိုင်သို့ ယခင်အပတ်က ငရုတ်ရှည် အိတ်ပေါင်း ၄၃၀၀( ၈၆,၀၀၀ ပိဿာ) နှင့် ငရုတ်ပု အိတ်ပေါင်း ၇၅၀ ( ၁၁,၂၅၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ငရုတ်ရှည် အိတ်ပေါင်း ၅၇၀၀(၁၁,၄၀၀၀ ပိဿာ) နှင့် ငရုတ်ပု အိတ်ပေါင်း ၇၀၀ (၁၀,၅၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ငရုတ်ရှည် အိတ်ပေါင်း ၁၄၀၀ (၂၈,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ပြီး ငရုတ်ပု အိတ်ပေါင်း ၅၀(၇၅၀ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

**မန်ကျည်းသီး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မန်ကျည်းသီး ပွင့်ကပ် (သစ်) ကျပ် ၁၄၀၀ ၊ မန်ကျည်းအသား (သစ်) ကျပ် ၂၉၀၀ နှင့် မန်ကျည်းသီး ရမည်းသင်း ဒါးဇင်း ကျပ် ၂၈၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းသီး ပွင့်ကပ် (သစ်) ကျပ် ၁၇၀၀ ဈေးမြင့်တက်ခဲ့ကြောင်းသိရသည်။

**ထန်းလျက်၊ ကြံသကာ နှင့် သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာနှင့် သကြား(တစ်ပိဿာ) ဈေးနှုန်းများမှာ တောင်သာ မလိုင်(ဒိုး) ကျပ် ၄၉၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၄၅၀၀၊ ပခုက္ကူကြမ်း ကျပ် ၅၂၀၀၊ ရေစကြို ထန်းလျက်(ချော)ကျပ် ၅၄၀၀၊ ကြံသကာ ကျပ် ၄၁၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၃၉၇၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ် အတွင်း ထန်းလျက်၊ ကြံသကာနှင့်သကြား ဈေးများငြိမ်လျက်ရှိသည်။

Source: ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် (၁၃-၂-၂၀၂၄ မှ ၁၆-၂-၂၀၂၄ ) အတွင်းဖြစ်ပေါ်ခဲ့သော ကြက်သွန်နီနှင့်ကြက်သွန်ဖြူ ကုန်စည်ဈေးနှုန်းများ

### ကြက်သွန်နီ

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့နှင့် မြစ်သားမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ(တစ်ပိဿာ) ဈေးနှုန်းများမှာ ဆိပ်ဖြူရှယ် ကျပ် ၂၃၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၂၂၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၂၁၀၀ ၊ ဆိပ်ဖြူလတ်ချော ကျပ် ၁၄၀၀၊ မြစ်သားသစ်ရှယ် ကျပ် ၂၉၀၀၊ မြစ်သားလတ်ကြီး ကျပ် ၂၉၀၀၊ မြစ်သားလတ်သန့် ကျပ် ၂၇၀၀ နှင့် မြစ်သားလတ်ချော ကျပ် ၂၁၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ဆိပ်ဖြူရှယ် ကျပ် ၁၀၀၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၁၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၁၀၀ ၊ မြစ်သားသစ်ရှယ် ကျပ် ၂၀၀၊ မြစ်သားလတ်ကြီး ကျပ် ၁၀၀၊ မြစ်သားလတ်သန့် ကျပ် ၁၀၀ နှင့် မြစ်သားလတ်ချော ကျပ် ၁၀၀ အသီးသီးဈေးမြင့်တက်ခဲ့သည်။ ကုန်စည်ဒိုင်သို့ ကြက်သွန်နီဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၁၅၀ စီး(၉,၀၀,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၁၄၀ စီး (၈,၄၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၁၀ စီး (၆၀,၀၀၀ ပိဿာ)လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

### ကြက်သွန်ဖြူ

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်နှင့်အောင်ပန်းမြို့တို့မှ ကြက်သွန်ဖြူများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ (တစ်ပိဿာ) ဈေးနှုန်းများမှာ ကြူကုတ်ရှယ် ကျပ် ၉၂၀၀၊ အောင်ပန်းထူး-၂ ကျပ် ၁၆,၀၀၀၊ အောင်ပန်းထူး-၃ ကျပ် ၁၇,၀၀၀၊ အောင်ပန်းထူး-၄ ကျပ် ၁၇,၃၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၁၇,၈၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း အောင်ပန်းထူး-၂ ကျပ် ၅၀၀ ဈေးမြင့်တက်ခဲ့ပြီး ကျန်ကြက်သွန်ဖြူများ ဈေးငြိမ်လျက်ရှိသည်။

ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ် ၄၃၀၀ (၁,၂၉,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကြက်သွန်ဖြူအိတ် ၃၅၀၀ (၁,၀၅,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူအိတ်ရေ ၈၀၀ (၂၄,၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

Source: ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး

## STOCK EXCHANGE (19.2.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

**Stock trading data**

As of 19th Feb. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 7,250 (Shares) | 24,126,200 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,400 | -200 | -2.33% | 8,600 | 8,600 | 7,600 | 1,446 | 11,393,700 | 33,109,694 | 278,121 |
| MTSH | 00002 | 2,850 | +0 | +0.00% | 2,800 | 2,850 | 2,800 | 2,427 | 6,831,900 | 38,929,150 | 110,948 |
| MCB | 00003 | 7,800 | +0 | +0.00% | 7,800 | 7,800 | 7,800 | 0 | 0 | 10,400,986 | 81,128 |
| FPB | 00004 | 1,550 | +0 | +0.00% | 1,550 | 1,550 | 1,550 | 204 | 316,200 | 29,664,613 | 45,980 |
| TMH | 00005 | 2,450 | -50 | -2.00% | 2,500 | 2,500 | 2,450 | 4 | 9,900 | 12,823,224 | 31,417 |
| EFR | 00006 | 1,850 | +50 | +2.78% | 1,800 | 1,850 | 1,800 | 260 | 468,500 | 19,977,223 | 36,958 |
| AMATA | 00007 | 4,800 | +0 | +0.00% | 4,800 | 4,800 | 4,800 | 5 | 24,000 | 10,497,598 | 50,389 |
| MAEX | 00008 | 1,750 | +50 | +2.94% | 1,750 | 1,750 | 1,750 | 2,904 | 5,082,000 | 23,804,946 | 41,659 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 19th Feb. 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 358.71 | -2.69 | -0.74% | 361.00 | 361.00 | 344.48 | 7,250 | 24,126,200 | 8 | 676,600 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 19th Feb. 2024

| Trading Volume | Trading Value |
|---|---|
| 7,250 (Shares) | 24,126,200 (MMK) |

## Main Board

As of 1:00 pm, 19th Feb. 2024

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 7,250 (Shares) | 24,126,200 (MMK) |

| MYANPIX | 358.71 ▼ 2.69 |
|---|---|
| Total Volume (shares) | 7,250 |
| Total Value (MMK) | 24 mil |
| Listed Company | 8 |
| Market Cap. (MMK) | 676,600 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,400 | ▼ 200 |
| MTSH | 00002 | 2,850 | ▲ 0 |
| MCB | 00003 | 7,800 | ▲ 0 |
| FPB | 00004 | 1,550 | ▲ 0 |
| TMH | 00005 | 2,450 | ▼ 50 |
| EFR | 00006 | 1,850 | ▲ 50 |
| AMATA | 00007 | 4,800 | ▲ 0 |
| MAEX | 00008 | 1,750 | ▲ 50 |